**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**ww.knuhq.org**

## မိုခါမုန်တိုင်းဒဏ်သင့်ခဲ့ရသော ပြည်သူများအတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှ ထပ်တူဝမ်းနည်းကြေကွဲရကြောင်း သတင်းထုတ်ပြန်ခြင်း

နေ့စွဲ။ ။၂၁-၅-၂၀၂၃ ခုနှစ်

၂၀၂၃ ခုနှစ် မေလ(၁၃-၁၅)ရက်နေ့အထိ မိုခါဆိုင်ကလုန်းမုန်တိုင်းသည် ရခိုင်ပြည်နယ်၊ ရခိုင်ကမ်းရိုးတန်း ဒေသများသို့ စစ်တွေမြို့အနီးဖြတ်ကျော် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း များတို့ရှိ မြို့ရွာများပျက်ဆီးခဲ့ရပြီး ခန့်မှန်းလူဦးရေ ၅ ဒသမ ၄ သန်း ကျော်ခန့် မုန်တိုင်းဒဏ်ခံစားခဲ့ရသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) အစီရင်ခံစာ အရ သိရှိပါသည်။ စစ်တပ်မှ စစ်အာဏာသိမ်းယူမှုကြောင့် ပြည်သူလူထုများတို့သည် ခက်ခဲပင်ပန်းကြီးစွာဖြင့် လုပ်ကိုင်စားသောက် ရုန်းကန် သက်ရှင်နေရသည့် အချိန်တွင် မိုခါမုန်တိုင်း ဒဏ်သင့်ပြီး အသက်ဆုံးရှုံးခဲ့ရသော ပြည်သူများ၊ ရိုဟင်ဂျာ ဒုက္ခသည် စခန်းများအတွင်း အသက်ဆုံးရှုံး ရသော ရိုဟင်ဂျာပြည်သူအမြောက်အများနှင့် အိုးအိမ်ပိုင်ဆိုင်မှု ဆုံးရှုံးခဲ့ရသော ပြည်သူများ အတွက် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင်တပ်တော် (ULA/AA)မှ ဦးဆောင်ပြီး နိုင်ငံတကာ အဖွဲ့အစည်း အသီးသီး၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGO/NGO) နှင့် ဒေသအတွင်းရှိ လူမှုအခြေပြု အဖွဲ့အစည်း များတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပြီး လိုအပ်သော အကူအညီများ ပံ့ပိုးထောက်ပံ့ရန် ဖိတ်ခေါ်မှုပြုလုပ်ခဲ့သည် ကို တွေ့ရှိရပါသည်။ ကယ်ဆယ်ရေး ဝန်ဆောင်မှုများ၊ ကြိုတင်ပြင်ဆင်ခြင်းများ နှင့် သက်ဆိုင်ရာ အဖွဲ့အစည်း များနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအဖွဲ့အစည်းအသီးသီးများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် မိမိတို့ပြည်သူ များရှေ့တွင် မားမားမတ်မတ် ရပ်တည်သောကြောင့် များစွာဂုဏ်ယူမိပါသည်။ မတူညီသည့် လမ်းကြောင်းများ မှ လူသားချင်းစာနာထောက်ထားရေး အကူအညီများကိုလည်း ပြည်သူများထံသို့ ထိထိ ရောက်ရောက် စီးဆင်း နိုင်ရန် အရေးကြီးပြည်သူ့အစိုးရအပါအဝင် အခြားသောသက်ဆိုင်ရာ ဒေသန္တရအစိုးရများနှင့်လည်း အတူပူးပေါင်း လုပ်ဆောင်ပြီး ယခုအခက်အခဲကို ကျော်လွှားဖြတ်ကျော်နိုင်ရန်တောင်းဆို ပါသည်။

စစ်တပ်အာဏာသိမ်းမှုကြောင့် ယခုလက်ရှိတွင် ကြုံတွေ့နေရသော နိုင်ငံရေးအကြပ်အတည်းများ၊ ဆင်းရဲဒုက္ခ များအပြင် သဘာဝဘေးဒဏ် ကြုံတွေ့နေရသော ပြည်သူများအတွက် တတ်စွမ်းနိုင်သောဘက်မှ ဝိုင်းဝန်း ဖြေရှင်းပေးရန် လိုအပ်နေပါသည်။ စစ်ကောင်စီအနေဖြင့်လည်း မုန်တိုင်းသင့်ဒေသများ၏ ပကတိ အခြေအနေမှန်ကို တိကျခိုင်မာသော သတင်းအချက်အလက်များ ထုတ်ပြန်ပေးရန်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရန်၊ အကူအညီပေးရေး လမ်းကြောင်းများ ကို တားဆီး ပိတ်ပင်ခြင်းမပြုလုပ်ပဲ ကူညီရန်စောင့်ဆိုင်းလျက်ရှိသော ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ INGO/ NGO နှင့် အခြားလူမှုအဖွဲ့အစည်းများကို လွတ်လပ်စွာ သွားလာကူညီခွင့်ပေးရန် သတင်းထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟို

ဆက်သွယ်ရန်-
ပဒိုစောကလယ်စေး (+66983576417)